# အမေရိကန်ခရီးစဉ်အစီရင်ခံစာ
# ဇွန်လ ၅ ရက်နေ့ မှ ဩဂုတ်လ ၁ ရက်နေ့ ၂၀၁၉ ခုနှစ် အထိ

## အစီရင်ခံစာအကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာ သွားလာရေးအဆင်ပြေရန်အတွက် လေယာဉ်လက်မှတ် မိသားစုဝင်များမှ ကူညီပေးပြီး အမေရိကန်ပြည်တွင်းသွားလာရေးအတွက် ကားဖြင့်သော်လည်းကောင်း၊ လေယာဉ်ဖြစ်သော်လည်းကောင်း ကရင်နီအမေရိကန်ရှိ ပြည်နယ်အသီးသီးရှိ ကော်မတီများ နှင့် မိသားစုများမှ ကူညီပေးခဲ့ပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဗဟိုဌာနချုပ်ရုံးမှ အမေရိကန်ရှိ ကရင်နီအမျိုးသားများအား ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အပစ်ခတ်ရပ်စဲရေးနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးအခြေအနေများ၊ ကရင်နီပညာရေး အခြေအနေများကို အသိပေးရန်အတွက် Movement Order ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် ထုတ်ပေးခဲ့သည်။

အထူးအစီစဉ်အနေဖြင့် အမေရိကန်နိုင်ငံရှိ ဂါရှီတာဒီစီမြို့၌ ပြုလုပ်သော တိုင်းရင်းသားများညီလာခံသို့ ကရင်နီ-အမေရိကန်အဖွဲ့မှ ဖိတ်ခေါ်မှု နှင့် စီစဉ်ပေးခြင်းဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပြီး "အမျိုးသားများမဟာမိတ် အဖွဲ့-မြန်မာ" ဖွဲ့စည်းခြင်းသို့တက်ရောက်ခဲ့သည်။ ထို့အပြင် အာအိုဂါပြည်နယ်၊ ဂါထာလူးမြို့၌ ကျင်းပသော (၁၄၄) နှစ်ပြည့် ကရင်နီအမျိုးသားနေ့ အခမ်းအနားသို့ ပါတီဥက္ကဋ္ဌ၊ ရူတော်ရယ်သက်နှင့်အတူ အမေရိကန်ရောက် ကရင်နီအမျိုးသား (၂၀၀၀) ကျော်ခန့်တက် ရောက်ချီးမြှင့်ခဲ့သည့်အပြင် ကရင်နီ-အမေရိကန် အဖွဲ့ အစည်း ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားသို့လည်း တက်ရောက်ခဲ့သည်။

ဤအစီရင်ခံစားသည် ဇွန်လ (၅) ရက်နေ့မှ ဩဂုတ် (၁) ရက်နေ့အထိ အမေရိကန်သို့သွားရောက်ခဲ့သော ခရီးစဉ်အတွင်း ကရင်နီအမျိုးသားများ၏ တင်ပြချက်၊ အကြံပြုချက်များ၊ မေးခွန်းများနှင့် မိမိမှ ရှင်းလင်း ချပြခဲ့သော အချက်အလက်များ၊ လေ့လာတွေ့ရှိချက်များ နှင့် အကြံပြုချက်များပါဝင်သည်။ အနာဂတ်တွင် အမေရိကန်သို့ ကရင်နီအမျိုးသားအား သွားရောက်အားပေးမည့် ခေါင်းဆောင်များအတွက် အကျိုးရှိမည်ဟု မိမိမှ ယုံကြည်ပါသည်။

နိဂုံးအနေဖြင့် မိမိ၏ ခရီးစဉ်ချောမွေ့ရန်အတွက် အဖက်ဖက်မှ ကူညီပေးသော မိသားစုဝင်များ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ နှင့် အမေရိကန်ရှိ ကရင်နီအမျိုးသားများ အားလုံးတို့ကို အထူးကျေးဇူး တင်ရှိပါသည်။

## ကရင်နီအမျိုးသားများနှင့် သွားရောက်တွေ့ဆုံခဲ့သော မြို့ နှင့် ပြည်နယ်များ

1. Washington D.C, District of Columbia
2. St.Paul and Austin, Minnesota State
3. Sioux Falls, Sourth Dakota State (SF-33 HH, 182 PPL)
4. Waterloo and Des Moines,  Iowa State (DM-150 HH)
5. Omaha, Nebraska State
6. Seattle, Washington State
7. Porland, Oregon State (over 40 HH)
8. Phoenix and Tuscon , Arizona State (88 HH, 501 PPL)
9. Salt  Lake, Utah State
10. Greeley, Colorado State
11. Charlotte and Western Salem , North Carolina State (100 HH)
12. Atlanta, Georgia State
13. Milwaukee, Wisconsin State

## တင်ဆက်ဆွေးနွေးချပြခဲ့သော အကြောင်းအရာများ နှင့် အချက်အလက်များ

### 1. လက်ရှိဖြစ်ပေါ်လျက်ရှိသော ကရင်နီဒုက္ခသည်များ နှင့် စခန်းအခြေအနေချပြခြင်း

- ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ ဖေါ်ဆောင်လျှက်ရှိသော အပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး စတင်ဖေါ်ဆောင်ပြီးနောက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ နိုင်ငံရေးအကူးပြောင်းကာလတွင် နယ်စပ်ရှိဒုက္ခသည်များကိုဂန်ဆောင်မှုပေးခြင်းမှ မြန်မာနိုင်ငံ အတွင်းသို့ရွှေ့ပြောင်း ကူညီရန် ဦးတည် ခဲ့ခြင်းကြောင့် လက်ရှိထိုင်းနိုင်ငံရှိ ကရင်နှင့် ကရင်နီ ဒုက္ခသည်စခန်းများတွင်လွန်ခဲ့သောနှစ်တွေထက်အခြေအနေပိုဆိုးလာကြောင်းနှင့် ဂန်ဆောင်မှု ပေးနေသော အလှူရှင်များ သည်လည်း စိတ်ဂင်စားမှုအားနည်းလာနှင့်အမျှ ထောက်ပံ့မှုတွေ လည်းလျော့ချခြင်းခံနေရသည်။

- ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရိက္ခာ ဆန်ထောက်ပံ့မှုများကို လစဉ် ဂုံဒေါင်သို့သွား ရောက်ထုတ်ယူခြင်းမပြုသောပဲ ရိက္ခာကဒ်စနစ်ဖြင့် ပြောင်းလဲအသုံးပြုလာခဲ့သည်။ စခန်း အတွင်းနေထိုင်သူများ အုပ်စု (၄)စုခွဲထားပါသည်။ ပထမအုပ်စုမှာ Self-reliance (SR) မိမိခြေ ထောက်ပေါ် ရပ်တည်နိုင်ခြင်း၊  Standard (S) ပုံမှန်လိုအပ်ချက်ရှိသူများ၊ vulnerable (V)  ပုံမှန် အခြေအနေထက် လိုအပ်သူများ၊ Most Vulnerable (MV) အထူးလိုအပ်သူများဟူ၍ ခွဲထား ပါသည်။

- တီဘီစီမှ ရိက္ခာထောက်ပံ့မှုပေးရာတွင် Standard (S) ပုံမှန်လိုအပ်ချက်ရှိသူများ၊ vulnerable (V) ပုံမှန်အခြေအနေထက် လိုအပ်သူများ၊ Most Vulnerable (MV) အထူးလိုအပ်သူများသာ ဂန်ဆောင်မှုပေးပါသည်။ ရိက္ခာကဒ်အတွင်း အသက် (၁၈)နှစ်အထက် ငွေထောက်ပံ့မှု အနည်း ဆုံး (၂၂၉) ဘတ်မှ အများဆုံး အထူးလိုအပ်သူတစ်ဦးလျှင် (၃၆၀)ဘတ်ပေးပြီး ကလေးငယ် (၆)လမှ (၅)နှစ်အထိ အနည်းဆုံး (၁၆၃) ဘတ် မှ အများဆုံး အထူးလိုအပ်သူတစ်ဦးလျှင် (၁၈၅) ဘတ်ဖြင့် ထောက်ပံ့ကာ မိသားစုမှ လိုအပ်သော အစားအစာများကို စခန်းတွင်း ကဒ်ဖြင့် ဂယ်နိုင်သော ဆိုင်များ၌သာ အချိန်မရွေးသွားရောက်ဂယ်ယူနိုင်သည်။

- ထိုင်းဒေသအာဏာပိုင်များမှ စခန်းအတွင်း စည်းကမ်းများတင်းကြပ်လာခြင်း၊ စခန်းပတ်ဝန်းကျင်၌ ခြံနှင့်စိုက်ခင်းများ ပြုလုပ်ခွင့်မပေးခြင်း၊ စခန်းအပြင်သို့ သွားရောက်အလုပ်သွားလုပ်ရန် ခွင့်ပြုချက်မပေးပဲ စားဝတ်နေရေးအတွက် ဖူလုံရန် အသက်အန္တရာယ်များနှင့်ရင်းကာ အနီးနားရှိ ထိုင်းကျေးရွာများတွင် သွားရောက်၍ အလုပ်လုပ်ခြင်းဖြင့် မိသားစု ဝင်ငွေများရရှိရန် လုပ်ဆောင် ခဲ့ကြ သည်။ ထိုင်းရဲမှတွေ့ရှိပါက အဖမ်းခံရခြင်းနှင့် ထောက်ချခံရခြင်းတို့ကို လည်းခံရနိုင်သည်။

- စခန်းနေလူထုအချို့တို့သည် နယ်စပ်နှင့်နီးသော ကရင်နီပြည်တွင်း သွားရောက်၍ ဆန်စပါး၊ ပြောင်း နှင့် နှမ်း စိုက်ခင်းများပြုလုပ်ပြီး ရောင်းချကာ မိသားစုအားထောက်ပံ့ခဲ့သည်။ သို့သော် မိုင်း နှင့် ဗမာစစ်တပ်စခန်းများနှင့် နီးသည့်အတွက် အသက်အန္တရာယ်အရမ်းကြီးလွန်းပါသည်။

- မြန်မာနိုင်ငံရေး နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မသေချာသေးသလို ဒုက္ခသည်များအတွက် သေချာ သော အာမခံချက်တစ်စုံတစ်ရာမရှိသေးသော်လည်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း တစ်ချို့ နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ဦးဆောင်၍ မိမိဆန္ဒ အလျောက် နေရပ်ပြန်ခြင်းအစီအစဉ်ကို စခန်းအတွင်းတွင် စင်တာတခုဖွင့်လှစ်ကာ နေရပ် ပြန်ရန် လှုံ့ဆော်မှုများ ပြုလုပ်လျှက်ရှိသည်ဖြစ်၍ ကရင်နီဒုက္ခသည်စခန်းများမှ လူဦးရေ (၁၁၂)ဦးတို့မှ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖါးဆောင်းနှင့် ဖယ်ခုံမြို့နယ်များတွင် နေရပ်ပြန်သွား ခဲ့ကြသည်။

- ထိုင်း-မြန်မာနယ်စပ်ရှိ ကရင်နီနှင့် ကရင်ဒုက္ခသည်စခန်းများအတွက် ဝန်ဆောင်မှုပေးနေသော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်များစိတ်ဝင်စားမှုအားနည်းလာသည်နှင့်အမျှ ၂၀၂၀ ခုနှစ်နောက်ပိုင်း စခန်းများအားဆက်လက်ထောက်ပံ့ရန်လည်း မသေချာသည့် အခြေအနေ များ ရှိနေသည့်အတွက် အထူးစိုးရိမ်နေရသည်။

## 2. လက်ရှိနှင့် အနာဂတ် ကရင်နီပညာရေး နှင့် ဝန်ဆောင်မှု အခြေအနေချပြခြင်း

- ကရင်နီပြည်အစိုးရ၊ ကရင်နီပညာရေးသည် အခြေခံပညာရေး နှင့် အထက်တန်းလွန်ပညာရေး ရှိသည်။ ကရင်နီပညာရေးဌာနကို ဝန်ဆောင်မှုပေးနေသော အလှူရှင်များလည်း ထောက်ပံ့မှု လျော့ချလာသည့်အတွက် တိုးတက်အောင်မြင်သင့်သလောက် မဖြစ်လာနိုင်ခဲ့ပါ။

- ထိုင်းကရင်နီနယ်စပ်ရှိ ကရင်နီဒုက္ခသည်စခန်းများတွင်လည်း အခြေခံပညာရေးနှင့် အထက် တန်းလွန်ကျောင်းများရှိသလို ကရင်နီပြည်တွင်း၌လည်း အခြေခံပညာရေးနှင့် အထက် တန်းလွန်ကျောင်းများရှိသည်။

- လက်ရှိအခြေအနေအရ ကရင်နီဒုက္ခသည်စခန်းတွင်းရှိ အခြေခံပညာရေးကျောင်းများတွင် များစွာသော အခက်ခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အလှူရှင်ထောက်ပံ့မှုနည်းလာခြင်း၊ ဝန်ထမ်း အပြောင်းအလဲများလာခြင်း၊ ဆရာ ဆရာမ၏ ပုံမှန်လစာ ထောက်ပံ့မှုနည်းသည့် အတွက် မိသားစုဖူလုံရန် အခက်အခဲရှိသည့်အတွက် ကျောင်းဆရာ ဆရာမတာဝန် ထမ်းဆောင်ရန် အားနည်းလာခြင်းရှိသလို ပညာတော်သင်သွားရောက်ပြီးအောင်မြင်

ပြီးဆုံးသွားသော လူငယ်များတွေလည်း ပညာရေးဌာနတွင် ပြန်လည်တာဝန်ဆောင်လိုသော စိတ် အနည်းငယ်သာရှိသည်။

- ကရင်နီပြည်တွင်းအမှတ်(၁)၊ အမှတ်(၂) နှင့် အမှတ်(၃)ခရိုင်များတွင် ကရင်နီပညာရေးဌာနမှ အနည်းငယ်သောထောက်ပံ့ကူညီနှင့် နည်းပညာပေးသော ကိုယ်ထူကိုယ်ထကျောင်းများ ရှိသည်။အထူးသဖြင့်ကရင်နီအမှတ်(၂)ခရိုင်တွင်ကျောင်းအများဆုံးရှိပြီး သင်ထောက်ကူပစ္စည်း အတွက် JRSမှ အနည်းငယ်ထောက်ပံ့ပေးခဲ့သော်လည်း ကျောင်းဆရာ ဆရာမ ထောက်ပံ့ကြေးပေးနိုင်ခြင်း မရှိသည့်အတွက် ထောက်ပံ့မှုအထူးလိုအပ်နေသည်။

- ကရင်နီပညာရေးဌာနရှိ အခြေခံပညာရေးအား လာမည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အထက်တန်း အဆင့်ကို (၁၁)တန်းနှင့် (၁၂)တန်းဖြင့် တိုးချဲ့ရန်ရှိသော်လည်း ကျောင်းအဆောက်အုံများ၊ သင်ရိုးညွှန်းများ၊ စာအုပ်များ နှင့် ဆရာ ဆရာမ ထောက်ပံ့ကြေးအတွက် ထောက်ပံ့မှုအထူး လိုအပ် လျက်ရှိနေပါသည်။

- ကရင်နီပညာရေး နှင့် သင်ရိုးညွှန်းတို့ကို မြန်မာအစိုးရမှ အသိမှတ်ပြုခြင်းမရှိသည့်အတွက် လာမည့်အနာဂတ်တွင် မိမိတို့ ကရင်နီအမျိုးသားကျောင်းများ နှင့် တက္ကသိုလ်ကျောင်းများဖြင့် ဆက်လက်ဖွင့်လှစ်နိုင်ရန် ရည်ရွက်ချက်ရှိသည်။ သို့ဖြစ်ပါ၍ ပြည်ပရောက် ကရင်နီအမျိုးသား များတို့မှ နည်းပညာအားဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း ပြန်လည်ပါဝင် ကူညီကြရန် ကရင်နီပညာရေးဌာနမှ အထူးမျော်လင့်ထားသည်။

3. **မြန်မာနိုင်ငံနှင့် ထိုင်းနယ်စပ်ရှိ လူထုအခြေပြုလူ့အဖွဲ့အစည်းများမှရေးသားပြုစုထားသော "အိမ်မလွမ်းသူဘယ်သူရှိမလဲ- မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခ နှင့် ဆက်စပ်နေသော ကာလရှည်ကြာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရမှု များ" အစီရင်ခံစာအကြောင်းတင်ဆက် ချပြခြင်း**

   - အစီရင်ခံစာပါအချက်အလက်များနှင့် လက်ရှိအခြေအနေများကိုလည်းချပြခဲ့ပါသည်။ အစီရင်ခံစာသည် မြန်မာနိုင်ငံနှင့် ထိုင်းနယ်စပ်ရှိ တိုင်းရင်းသားများမှဖွဲ့စည်းထားသော အရပ်ဖက်အဖွဲ့အစည်း(၁၅)ဖွဲ့တို့မှ စုပေါင်း၍ ပြုစုရေးသားခြင်းဖြစ်သည်။ အစီရင်ခံစာအတွင်း၌ သုတေသနတွေ့ရှိချက်များ၊ နေရပ်စွန့်ခွာတိမ်းရှောင်ရမှု အကြောင်းအရင်းများ၊ ထွက်ပြေးတိမ်းရှောင်ရမှု ဖြစ်ပေါ်စေသော ထိရှလွယ်လူမှုစီးပွားအနေအထား၊ လက်ရှိအခြေအနေ-အသက်မွေးဝမ်းကြောင်းနှင့် ထောက်ပံ့ကူညီမှု၊ သတင်းအချက်အလက်၊ အနာဂတ်အတွက် ဆုံးဖြတ်ချက်ချရာတွင် အဓိက အကြောင်းအရာများ၊ လူမှုအသိုင်းအဝိုင်း၊ ခေါင်းဆောင်မှုနှင့် ထောင့်ခံနိုင်မှု၊ ထွက်ပြေးတိမ်းရှောင်ရသူများ၏ သိမြင်နားလည်းမှုကို စိန်ခေါ်ခြင်း၊ အနာဂတ်အတွက် မျော်လင့်ချက်များ၊ အတိတ်ကာလ အတွက်တရားမျှတမှု နှင့် အကြံပြုချက်တိုက်တွန်းချက်များ တို့ ပါဝင်သည်။

   - အမေရိကန်ရောက်ကရင်နီအမျိုးသားများမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာနများနှင့်တွေ့ဆုံရာတွင် ဤအစီရင်ခံစာကို အသုံးပြုခြင်းအားဖြင့် ထပ်ဆင့် သတင်းအချက်အလက်များနှင့် လှုံ့ဆော်မှုများ ပြုလုပ်ပေးရန်တိုက်တွန်းခဲ့ပါသည်။ ၎င်းတို့သည် ဒုက္ခသည်များ အတွက် လှုံ့ဆော်မှုများပြုလုပ်ပေးခြင်းအားဖြင့် စခန်းတွင်းကျန်ရှိနေသေးသော ဒုက္ခသည်များအတွက် ထောက်ပံ့မှုများဆက်လက်ရှိနိုင်ပြီး အမေရိကန်အစိုးရလည်း ကရင်နီ

အကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အခြေအနေများတို့ကို ပိုမိုသိရှိလာမည်ဖြစ်သည်။

## 4. ကရင်နီပြည်တွင်းရှိ လူငယ်လုပ်ရှားမှုအခြေအနေချပြခြင်း

- ကရင်နီလူငယ်များသည် သီးခြားလွတ်လပ်သော ကရင်နီပြည်၏ သမိုင်းအမှန်များကိုစွဲကိုင်ပြီး ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့၌ ကယားပြည်နယ်အစိုးရနှင့် စစ်တပ်မှ လူထုဆန္ဒမပါပဲ အတင်း တည်ဆောက်ထားသော အောင်ဆန်းကြေးရုပ်အား ဖြုတ်ချပေးရန် ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

- ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သော လူငယ်များအား မတရား ပုဒ်မသတ်၍ ဖမ်းဆီးချုပ်နှောင်ခြင်း နှင့် ကရင်နီပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒများနှင့် ဆန့်ကျင်ခြင်းဖြစ်၍ ကရင်နီပြည်တွင်းရှိ ကရင်နီ လူငယ်အင်အားစု နှင့်ပြည်သူများတို့သည် ဆက်လက်၍ တိုက်ပွဲဝင်သွားကြ မည်ဖြစ်သည့်အတွက် နေရာအသီးသီးမှ တည်ရှိနေကြသော ကရင်နီအမျိုးသားများ ပါဝင်ကြ ရန် ၎င်းတို့မှ အလိုဆန္ဒ ရှိကြောင်းကိုလည်း ထပ်ဆင့် သတင်းစကားပါးပေးခဲ့သည်။

- ၎င်းတို့လူငယ်ဆန္ဒပြပွဲနှင့် လုပ်ရှားမှုများတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပြည်တွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ နှင့် အရပ်ဖက်အဖွဲ့အစည်းများတို့မှ ဝိုင်းရံပေးမှုရှိသော်လည်း လူငယ်အင်အားစု နှင့် ပြည်သူလူထုတို့မှ လွတ်လပ်စွာ လုပ်ရှားခြင်းသာဖြစ်ကြောင်းလည်း ပြောပြခဲ့သည်။ သို့ဖြစ်ပါ၍ အမေရိကန်ရောက် ကရင်နီလူငယ်များအနေဖြင့် မိမိတတ်နိုင် သည့်ဖက်မှ ပါဝင်ကူညီသွားရန်လည်း တိုက်တွန်းခဲ့သည်။

## 5. လက်ရှိဖြစ်ပေါ်တိုးတက်နေသော မြန်မာနိုင်ငံငြိမ်းချမ်းရေး နှင့် ကရင်နီအမျိုးတိုးတက်ရေးပါတီ၏ အခြေအနေအပေါ် ဆွေးနွေးတင်ဆက်ခြင်း

- ၂၀၁၂ ခုနှစ်မှစ၍ မြန်မာအစိုးရနှင့် တပ်မတော်တို့မှ ငြိမ်းချမ်းလုပ်ငန်းများဖော်ဆောင်နိုင်ရန် အတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်း စတင်ပြီး တစ်တိုင်းပြည်လုံးအပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များ စတင်ဖော်ဆောင်ခဲ့သည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဖြင့် စုပေါင်းဖွဲ့စည်းထားခဲ့ပြီး တိုင်းရင်းသားများ အားလုံးပါဝင်သော တစ်တိုင်းပြည်လုံး အပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ပါအချက်အလက်များကို မြန်မာ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားညီနောင် လက်နက်ကိုင်အဖွဲ့အစည်းများတို့မှ အကြိမ် ကြိမ် ဆွေးနွေးအဖြေရှာ ခဲ့သည်။

- စာချုပ်ပါအချက်အလက်များကို မြန်မာအစိုးရ၊ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ အားလုံးသဘောတူညီချက်များရရှိပြီးမှသာ စုပေါင်းလက်မှတ်ထိုးကြမည်ဟု ဆုံးဖြတ်ခဲ့ ကြသော်လည်း ဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းတစ်ချို့တို့သည် တစ်တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။

- တစ်တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား ဒေသ အချို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျှက်ရှိခြင်း၊ လူထုများနှင့်လွတ်လပ်စွာ တွေ့ဆုံဆွေးနွေး ခွင့်မရှိခြင်း၊ သွားလာလုပ်ရှားမှုများ ကန့်သတ်ထားခံရခြင်း ရှိနေသည်ဖြစ်၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ချို့သည် တစ်တိုင်းပြည်လုံး အပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး လမ်းကြောင်းသည် နိုင်ငံရေးအဖြေမဖြစ်နိုင်ဟုသုံးသပ်ကြသဖြင့် ခြေလမ်း များပြန်ဆုတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။

- သို့ဖြစ်ပါ၍ ကရင်နီမျိုးသားတိုးတက်ရေးပါတီအနေဖြင့် တစ်တိုင်းပြည်လုံး အပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး ပါဝင်လက်မှတ် မထိုးနိုင်သေးသည့် အကြောင်းအရင်းများမှ တစ်ချို့ဖြစ် သော- တပ်မတော်နှင့် အစိုးရတို့အား အယုံအကြည်မှုမရှိခြင်း၊ မတရားနိုပ်စက် သတ်ဖြတ်ခံခဲ့ ရသော ကရင်နီရဲဘော် (၃)ဦး နှင့် ရွာသားတစ်ဦးအတွက် တရားမျှတသော တရားစီရင်ရေး အစိုးရမှ မဖော်ဆောင်ပေးနိုင်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုအဓိပ္ပာယ်ဖွင့်ဆိုချက်များ နားလည် မှုကွဲလွဲနေခြင်း၊ တပ်မတော်ဖက်မှ တပ်များတိုးချဲ၍ နယ်မြေစိုးမိုးမှုရယူထားခြင်း စသည် တို့ကြောင့် တစ်တိုင်း ပြည်လုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ် မရေးထိုးနိုင်သေး ခြင်းဖြစ်သည်။

- တစ်တိုင်းပြည်လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးခြင်းသည် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီနှင့် ကရင်နီလူထုတစ်ရပ်လုံး၏ ဘဝအားမခံချက် မပေးနိုင်သေး သည့် အခြေ အနေရှိသဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ အစိုးရ၊ တပ်မတော်နှင့် ပုံမှန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ သွားရောက်ဆွေးနွေးခြင်းသည် စစ်မှန်သောငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန်နှင့် မလိုအပ်ပဲတိုက်ပွဲပြန်လည်ဖြစ်ပေါ်လာလျှင် ပြည်သူလူထုအတွက် များစွာသော အခက်အခဲများနှင့် ရင်ဆိုင်နေရနိုင်ကြောင်းကိုလည်း စိုးရိမ်မိခြင်းဖြစ်သည်။ လက်ရှိအခြေအနေသည် တိုက်ပွဲများ အချိန် မရွေးဖြစ်ပွားနိုင်ဖွယ်ရှိသည်။

6. **ကရင်နီပြည်တွင်း ပြည်ပရှိ ကရင်နီအမျိုးသားများ စည်းလုံးညီညွတ်ရေး နှင့် စုပေါင်းကူညီကြရန် တိုက်တွန်းခြင်း**

- ကရင်နီလူမျိုးမစည်းလုံးကြရန် မြန်မာအစိုးရ သို့မဟုတ် စစ်တပ်မှ နည်းအမျိုးမျိုးသုံးပြုပြီး ကရင်နီ အမျိုးသားမိသားစုများအား သွေးခွဲနိုင်သည်ဟု သုံးသပ်မိသဖြင့် ကရင်နီအမျိုးသားများ အားလုံး သတိထားကြရန် တိုက်တွန်းခဲ့သည်။ ဘာသာရေးစည်းလုံးမှု၊ လူမျိုးနှင့် ယဉ်ကျေးမှု တို့အား ပျက်စီးစေသော လုပ်ရှားစည်းရုံးမှုများ ပြုလုပ်လာနိုင်သဖြင့် သေချာစဉ်းစား သုံးသပ်ပြီးမှသာ တစ်ပါးအမျိုးသားများ၊ တခြားလူပုဂ္ဂိုလ်တို့၏ စည်းရုံးမှုများပြောဆိုမှုများကို လက်ခံရန် တိုက်တွန်း ခဲ့သည်။

- မိမိတစ်ဦးချင်းယုံကြည်လက်ခံမှုသည် တစ်ဦးတစ်ယောက်အတွက်သာဖြစ်ပြီး အမျိုးသား စုပေါင်း လက္ခဏာဖြစ်သည့်အတွက် တစ်မျိုးသားလုံးပုံဆောင်သော အရာများကို ဆွဲကိုင်ကာ လက်ခံကျင့်သုံး သင့်ကြောင်း ကိုလည်းပြောခဲ့သည်။

7. **ပြည်တွင်းပြည်ပရှိ ကရင်နီအမျိုးသားများညီလာခံ ပြုလုပ်နိုင်ရန်ရှိခြင်း**

- ပြည်တွင်းပြည်ပရှိ ကရင်နီအမျိုးသားပြည်သူလူထုများအားလုံးပါဝင်သော ညီလာခံတစ်ရပ် ထိုင်းနိုင်ငံ တစ်နေရာတွင် ပြုလုပ်နိုင်ရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ အစီစဥ်ရှိသည်ဖြစ် ၍ အမေရိကန်ရောက် ကရင်နီအမျိုးသားများလည်းပါဝင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ပြောကြားခဲ့သည်။
- ညီလာခံဖြစ်မြောက်နိုင်ရေးအတွက် အသေးစိတ်အား ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဌာနချုပ်မှ တာဝန်ရှိ ခေါင်းဆောင်များတို့သည် နိုင်ငံကိုယ်စားလှယ်များနှင့် ပြည်နယ်ကိုယ်စားလှယ်များ တို့ကို အဆက်အသွယ်ပြန်ပြုလုပ်မည်ဖြစ်သည်။

**ကရင်နီမိသားစုများနှင့် တစ်ဦးချင်းမှ တင်ပြဆွေးနွေးသော အချက်အလက်များ နှင့် အကြံပြုချက်များ**

1. ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ မူဂါဒနှင့် ဦးတည်ချက်များတို့သည် အလွန်ကောင်းသော်လည်း အောက်ခြေရဲဘော်များအား အသိပေးရန်လိုအပ်သလို ဗဟိုမှချမှတ်ထားသောဆုံးဖြတ်ချက်များ၊ မူလမ်းစဥ်များကို အပေါ်မှအောက်ခြေထိအတူ သိရှိနားလည်သဘောပေါက်ပြီး ပြည်သူလူထုများအား ချပြနိုင်လျှင်ပို၍ အဖွဲ့အစည်းနှင့်အမျိုးသားများအတွက် အကျိုးရှိမည်ဟု အကြံပြုကြသည်။
2. ကရင်နီပြည်တွင်း ပြည်ပရောက် ကရင်နီပြည်သူလူထု၏ ထောက်ခံမှုရရှိရန်အတွက် ကရင်နီအမျိုးသား တိုးတက်ရေးပါတီဝင်များ၊ ရဲဘော်များတို့မှ ပြည်သူလူထုတို့ဖက်တွင် ရပ်တည်ပေး၍ ကာကွယ်ပေး သင့်ကြောင်းတင်ပြကြသည်။ ဥပမာ- ပြည်သူလူထုမှ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် သယ်ယူလာသော ကုန်များနှင့် ပစ္စည်းအခွန်များလျှော့ပေါ့ကောက်ခံသင့်ပြီး ပြည်သူများမှ လုပ်ငန်းများရရှိရန်အတွက် ထိရောက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲချမှတ်သင့်သည်ဟု အကြံပြုကြသည်။
3. နိုင်ငံခြားရောက် ကရင်နီအမျိုးသားမှ ကရင်နီပြည်တွင်း၌ ကျန်ရှိနေသော အမျိုးတစ်ချို့တို့ထံမှ ကြားသိရသော အချက်အလက်များ- ရဲဘော်၊ တာဝန်ရှိသူများ၊ လူကြီးတို့နှင့် နီးစပ်သူများ သို့မဟုတ် ဆွေးမျိုးများမှလွဲ၍ သစ်ဂါးများရယူခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ပိတ်ပင်ချင်းခံရပြီး နီးစပ်သူများ၊ ဆွေးမျိုးတော်စပ်များနှင့် ကုပ္ပဏီအကြီးများမှ လုပ်ဆောင်ချက်များ ကိုသာခွင့်ပြုခြင်းသည် ကရင်နီအမျိုးသားပြည်သူလူထုနှင့် အဖွဲ့အစည်းတို့ အကြားကင်းကွာစေခြင်းနှင့် ထောက်ခံအားပေးမှုကျဆင်းလာနိုင်သည်ဟု ယူဆသည့်အတွက် ဗဟိုကော်မတီမှ အသေချာ ပြန်စီစစ်ပေးရန်တင်ပြကြသည်။
4. ကရင်နီပြည်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ သစ်ထုတ်ယူမည့်အစား သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းစဥ်ရေးဆွဲပြီး အကောင်အထည်ဖေါ်လျှင် နောင်လာမည့်ပြည်သူအတွက် အကျိုး ဖြစ်သည့်အတွက် ဦးစားပေးဆောင်ရွက်သင့်ကြောင်းလည်း တင်ပြကြသည်။

5. လက်ရှိအခြေအနေအရ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံရေးဦးဆောင်မှု၌ တာဝန်ရှိသဖြင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖေါ်နေသော တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်မရေးထိုးသေးလျှင် ပိုသင့်တော်ပြီး လိုအပ်သော ပြင်ဆင်ချက်များဖြစ်သော တပ်အင်အားစုဆောင်းခြင်း၊ ပြည်သူလူထု စည်းရုံးမှုလုပ်ငန်းများအား ထိရောက်စွာ လုပ်ဆောင်ခြင်းအားဖြင့် အနာဂတ်အတွက်အားတစ်ခုဖြစ်လာနိုင်ကြောင်းတင်ပြဆွေးနွေးကြသည်။

6. ကရင်နီအမျိုးသားပညာရေးကို ဗမာအစိုးရမှ အသိမှတ်ပြုခြင်းမရှိသေးသော်လည်း ဦးစားပေးအနေဖြင့် မိမိ၏ အမျိုးသားကျောင်းများနှင့် မူများဖြင့် ဆက်လက်ရပ်တည်သွားသင့်ပြီး လိုအပ်သော ဂန်ဆောင်မှုများကို ဗဟိုမှ စီစဉ်ဆောင်ရွက်ပေးကာ နိုင်ငံခြားရောက် လူငယ်များမှ ပညာတော်ပြီးမြောက်အောင်မြင်သောသူများကို ပြန်လာ တာဝန်ထမ်းဆောင်ရန် နည်းလမ်းများ စီစဉ်ထားလျှင် ကရင်နီပညာရေးအတွက် ဖြစ်နိုင်ကြောင်းလူငယ်များမှ တင်ပြလာကြပါသည်။

7. ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် တိကျသော အဆက်သွယ်ပြုလုပ်နိုင်သော ပုဂ္ဂိုလ်တစ်ဦး ထားရှိပြီး အမေရိကန်ရှိ ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များနှင့် ဆက်သွယ်ပြုလုပ်ပြီး ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ လူမှုရေးနှင့် အခြားပြည်တွင်း၌ ဖြစ်ပျက်နေသော အရာများကို သတင်း အချက်အလက်ဖလှယ်လျှင် ပိုမို၍စည်းလုံးမှုအားကောင်းလာမည်ဟု ယူဆကြောင်းတင်ပြလာကြသည်။

8. ကရင်နီအမျိုးသားတိုးတက်ရေးပါတီရှိ ခေါင်းဆောင်များ နှင့် တပ်ပိုင်းဆိုင်ရာ အရာရှိများမှ အချိန်ယူပြီး အမေရိကန်ရှိ ကရင်နီအမျိုးသားနှင့် တစ်နှစ်တစ်ကြိမ်ပုံမှန် ပြည်နယ်အလိုက်သွားရောက်တွေ့ဆုံလျှင် လူထုအတွက် အားဖြစ်စေပြီး အခြေအနေမှန်များကိုလည်း သိရှိနိုင်မည်ဖြစ်ကြောင်းတင်ပြကြသည်။

9. အမေရိကန်ရောက် ကရင်နီအမျိုးသားများသည် အမျိုးသားရေးစိတ်ဓါတ်ရှိသူအများကြီး ရှိနေသေးသည်ဖြစ်၍ အဖွဲ့အစည်းမှလိုအပ်သော ထောက်ပံ့မှုနှင့် တတ်နိုင်သည့်ဖက်တွင် ပါဂင်ကူညီလိုစိတ်ရှိကြသည်။ သို့သော် စာရင်းအသေချာပြုစုထားပြီး ပြည်နယ်ကိုယ်စားလှယ်များအား အသိပြန်ပေးရန် ဆန္ဒရှိကြသည်။

10. အမေရိကန်ရောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီဂင်များနှင့် ရဲဘော်များတို့မှ ဗဟိုကော်မတီမှ တိကျသောလမ်းညွှန်ချက်ပေးစေလိုပြီး ပြည်နယ်အလိုက် မိမိသက်ဆိုင်ရာအဖွဲ့အစည်းနှင့် တည်ရှိရာလိုလားကြောင်းတင်ပြလာကြပါသည်။ သို့သော် ထုတ်ပယ်ခံရသော ရဲဘော်များသည်လည်း မိမိအမျိုးသားရေး စိတ်ဓါတ်ရှိသေးသည်ဖြစ်၍ ဗဟိုရှိလူကြီးမင်းများမှ ပြန်လည်စဉ်းစားကာ ဆုံးဖြတ်ချက် ထုတ်ပြန်ချက်တစ်ခုခုရရှိလိုကြောင်းလည်းတင်ပြ လာကြသည်။

11. အမေရိကန်ရောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီဂင်များသည် ပါတီခွဲတခုအဖြစ် ဗဟိုမှ အသိမှတ်ပြုကာ ပြည်နယ်အလိုက်ပါစုဖြင့်ဖွဲ့စည်းသွားပြီး ပါတီလမ်းညွှန်၊ ပါတီမူဂါဒများ နှင့် အခြားပါတီလုပ်ငန်းများကိုလည်း အကောင်ဖေါ်ဆောင်ရွက်လိုသည်ဖြစ်သဖြင့် ဗဟိုမှချမှတ်ပေးရန် တင်ပြလာကြသည်။ ထို့အပြင် ပါတီဝင်သစ်စုဆောင်းခြင်းနှင့် အဖွဲ့ဂင်သစ်လက်ခံနိုင်သော နည်းလမ်း

များနှင့် အဆင့်တိုးနိုင်သောနည်းလမ်းအတွက် တိကျသောဆက်သွယ်မှု တစ်ခုကိုလည်းရရှိလို ကြောင်း တင်ပြလာကြပါသည်။

**မေးခွန်းများ နှင့် သိရှိလိုသော အချက်အလက်များ**

1. ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့်တစ်တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ် မရေးထိုးသေးသည့်အတွက် တခြားနည်းလမ်းဖြင့် ငြိမ်းချမ်းရေးကိုဖေါ်ဆောင်ဖို့ရှိ ပါ သလား။
2. ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့်တစ်တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ် မရေးထိုးပဲ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့်ဆက်သွားနေသည့်ကာလ အတွင်း တိုက်ပွဲ ပြန်ဖြစ်လျှင် မည်သို့ပြင်ဆင်ထားမှုရှိပါသလဲ။
3. ကရင်နီပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော ကြယ်ဖြူ၊ ကယောနီ၊ ကလလတ နှင့် ကယန်းပြည်သစ်တို့နှင့် တစ်စုတစ်စည်းဖြစ်ရန် မည်သို့ပြင်ဆင်ထားသလဲ။
4. ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကြားကာလ၌ တိုက်ပွဲပြန်ဖြစ်လျှင် ကြယ်ဖြူ၊ ကယောနီ၊ ကလလတ နှင့် ကယန်းပြည်သစ်တို့မှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ပူးပေါင်းပြီးတိုက်မှာလား သို့မဟုတ် တပ်မတော်ဖက်ပူးပေါင်းမှာလား။
5. နိုင်ငံခြားရောက် ကရင်နီအမျိုးသားများတို့သည် ကရင်နီအမျိုးသားရေး၊ တိုင်းပြည်လည် ထူထောင်ရေး နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မည်သည့်အခန်းကဏ္ဍတွင် ပါဝင်နိုင်မည်နည်း။
6. ကရင်နီအမျိုးသားခုခံတော်လှန်ရေး၊ ဌာနဆိုင်ရာ၊ ပါတီအင်အားနှင့် ရဲဘော်များအတွက် အလှူ များဖြင့် ပါဝင်ကူညီလိုလျှင် ဘယ်သူနှင့်ဆက်သွယ်ရမည်နည်း။ ကဏ္ဍအလိုက် သီးသန့် တိုက်ရိုက် ဆက်သွယ် နိုင်သောနည်းလမ်းအတွက် ဖွဲ့စည်းထားတာတွေရှိသလား။
7. ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ၂၀၂၀ ခုနှစ်တွင်ကျရောက်မည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အပေါ်သဘောထားနှင့် ပြင်ဆင်မှုမည်သို့ရှိသနည်း။
8. ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့်တစ်တိုင်းပြည်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ် ထိုးပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ကာ ရွေးကောက်ပွဲဝင်ဖို့ရှိပါသလား။ ဘယ်လိုပြင်ဆင် ထားပါသလဲ။
9. ကရင်နီပြည်တွင်း၌ ဆန္ဒပြသော လူငယ်များအပေါ်အမြင်သဘောထား နှင့် မည်သို့ပါဝင် ကူညီကြပါ သလဲ။
10. ဗမာအစိုးရ နှင့် တပ်မတော်မှ ဖမ်းဆီးထားသော လူငယ်များနှင့် တောင်သူလယ်သမားများ အတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ မည်သို့ လုပ်ဆောင်ပေးရန် ရှိသလဲ။

11. အမေရိကန်ရောက် ကရင်နီလူငယ်များသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအဖွဲ့ဝင်ဖြစ်ရန် နှင့် ကရင်နီပြည်တပ်မတော်အဖွဲ့ဝင်ဖြစ်လိုသူများရှိသည့်အတွက် အခြေခံစစ်သင်တန်း ပြန်တက်ရောက်လျှင် ဗဟိုကော်မတီ လူကြီးမင်းများမှ မည်သို့သဘောထားရှိသနည်း။
12. ကရင်နီပြည်နှင့် အဖွဲ့အစည်းအတွက်အလုပ်ပြန်လုပ်ချင်သော လူငယ်များအတွက် မည်သည့်နေရာတွင် ပြင်ဆင်ထားပေးပါသလဲ။ ပြင်ဆင်ထားမှုရှိပါက- မည်သူနှင့်ဆက်သွယ်ရမည်နည်း။
13. နိုင်ငံခြားရောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးအဖွဲ့ဝင်များ သို့မဟုတ် ရဲဘော်များသည် နိုင်ငံခြား မထွက်ခင်၌ ထုတ်ပယ်ခံရခြင်း သို့မဟုတ် ရပ်နားခံရခြင်းတစ်ချို့ရှိသည်။ ထိုသူတို့အတွက်အဖွဲ့ဝင် အဖြစ်ပြန်လက်ခံရန်အစီအစဉ်ရှိသလား၊ မည်သို့သဘောထား ချမှတ်ချက်ရှိပါသလဲ။
14. နိုင်ငံခြား၊ ပြည်တွင်း နှင့် အခြားနေရာများ၌ ရောက်ရှိသွားသော ကရင်နီအမျိုးခုခံတော်လှန်ရေးအဖွဲ့ဝင်များ သို့မဟုတ် ရဲဘော်များသည် ထုတ်ပယ်ခံရခြင်း သို့မဟုတ် ရပ်နားခံရခြင်းတစ်ချို့ရှိသော်လည်း တစ်ချိန်တုန်းက တာဝန်ထမ်းဆောင်ခဲ့ဖူးသည့်အပေါ် အသိမှတ်ပြုရန် အစီစဉ်တစ်ခုခုရှိ ပါသလား။
15. ကရင်နီပြည်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီထံသို့ ပြန်လာမည့် ရဲဘော်၊ အရာရှိများ၊ နှင့် ပါတီဝင်များတစ်ချို့ရှိသည့်အတွက် ၎င်းတို့အတွက် မည်သို့ပြင်ဆင်ထားချက်ရှိပါသလဲ။ ကရင်နီပြည် အစိုးရ သို့မဟုတ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် မိမိတို့အားအဖွဲ့ဝင် အဖြင့်လက်ခံရန် ရှိသလား။ မည်သို့နေရာချထားပေးမည်နည်း။
16. တတိယနိုင်ငံသို့ရောက်ရှိသွားသော ကရင်နီအမျိုးသားများအနေဖြင့် တပါးနိုင်ငံသားခံယူသူများရှိသလို၊ နိုင်ငံသားမခံယူပဲ မိမိ (ကရင်နီ)နိုင်ငံသို့ပြန်လာ နေထိုင်လိုလျှင် ပြန်လာနေထိုင်ရန်အတွက် မည်သို့သော ပြင်ဆင်ချက်များရှိပါသလဲ။

**လေ့လာတွေ့ရှိချက်များ နှင့် အခြေအနေသုံးသပ်ခြင်း**

1. အမေရိကန်ရောက်ကရင်နီအမျိုးသားများသည် ကိုယ်စီအလုပ်ဖြင့်အသက်မွေးရပါသည်။ တစ်ချို့မှာ ညဖက်တွင်အလုပ်ဆင်းပြီးတစ်ချို့မှာ နေ့ဖက်တွင်အလုပ်ဆင်းလျှက်ရှိသည်။
2. ကျနော်ရောက်ရှိခဲ့သော ပြည်နယ်နှင့် မြို့ရှိ ကရင်နီအမျိုးသားများတို့သည် ပညာရေးကျောင်းများ၊ ဆေးရုံ၊ ဘာသာပြန်လုပ်ငန်း၊ ကုန်စုံဆိုင်၊ သစ်သီးစုံဆိုင်၊ မုန့်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်မီးသွယ်ခြင်းလုပ်ငန်း၊ သားသတ်ရုံ (နွား၊ ဝက်၊ ကြက် နှင့် ကြက်ဆင်) လုပ်ငန်း၊ ကလေးထိန်း၊ သက်ကြီးရွက်အိုနှင့် မသန်စွမ်းစောင့်ရှောက်ရေးလုပ်ငန်း၊ ကားကြီးဖြင့် ကုန်သယ်ယူပို့ ဆောင်ရေး လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကိုယ်ပိုင်အသေးစားစီးပွားရေး (စူဆီ) လုပ်ငန်း၊ အစိုးရနှင့် ဘာသာရေးဆိုင်ရာ အဆောက်အုံများတွင်စောင့်ကြည့်ထိန်းသိမ်းခြင်း နှင့် လုံခြုံရေးလုပ်ငန်း၊ ကုမ္ပဏီနှင့်ဆက်သွယ်ပြုလုပ်ကာ အလုပ်သမားရှာဖွေပြီး လုပ်ငန်းရရှိရေး လုပ်ငန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ဟော်တယ်

လုပ်ငန်း နှင့် တိရစ္ဆာန်သားမွေးမြူခြင်း လုပ်ငန်းစသည်တို့ အသီးသီးအသက်မွေးကြောင်းလုပ်ငန်းများ လုပ်နေကြသည်ကို လေ့လာတွေ့ရှိ ရပါသည်။

3. ကရင်နီအမျိုးသားလူငယ်အချို့တို့သည် အမေရိကန်ရဲတပ်ဖွဲ့၊ သူနာပြု၊ ကျောင်းဆရာ ဆရာမ နှင့် အမေရိကန်စစ်တပ်အဖြစ်တာဝန်ထမ်းဆောင်သူများလည်းရှိသည်။

4. ကရင်နီအမျိုးသားများနေထိုင်သော မြို့များနှင့် ပြည်နယ်များတွင် အလွန်ဝေးကြသည်ဖြစ်၍ တစ်နေရာ တည်း စုစည်းနိုင်ရန် အလွန်အခက်ခဲရှိပါသည်။ နေရာဝေးခြင်းနှင့် ကိုယ်စီလုပ်ငန်းဖြင့် လုပ်ဆောင် ရသည့်အခါ အလုပ်ပြီးချိန်ချင်းမတူညီခြင်းလည်းအခက်ခဲဖြစ်သည်။

5. နိုင်ငံခြားသို့မထွက်ခွာခင် အားလုံးသည် ကရင်နီအမျိုးသားအဖြစ်ခံယူကြပြီး စခန်းတွင်း၌ အတူနေထိုင်ခဲ့ကြသော်လည်း နိုင်ငံခြားသို့ရောက်ရှိသွားပြီးနောက် နေရာဒေသအလိုက်၊ လူမျိုးစုအလိုက်၊ ယုံကြည်ရာဘာသာအလိုက် ခွဲခြားကွဲပြားနေထိုင်ခြင်းကြောင့် အမျိုးသားအရေး လုပ်ငန်းများ ဆောင် ရွက်ရာတွင် သော်လည်းကောင်း၊ တစ်စုအစည်းတည်းနေထိုင်ရာသော်လည်းကောင်း အခက်ခဲများစွာ ရှိကြောင်းတွေ့ရှိရသည်။

6. ကရင်နီဒုက္ခသည်အမှတ်( ၁ နှင့် ၂)စခန်းမှ အမေရိကန်သို့ ရောက်ရှိသော ပကူးမိသားစု အများစု တို့သည် ကရင်ဟုခံယူကာ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ဦးစီးဦးဆောင်သော လှုပ်ရှားမှုများ ၌သာပါဝင်ခြင်း၊ ပြည်နယ်အသီးသီးရှိ ကရင်နီအမျိုးသားများကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော အဖွဲ့အစည်းများတွင် ပါဝင်ခြင်းအားနည်းသည်ကိုလည်း တွေ့ရှိရသည်။

7. အမေရိကန်ရောက် ကရင်နီမိသားစုတစ်ချို့သည် အိမ်တွင်းပြဿနာရှိကြသည်ကိုလည်း တွေ့ရှိရသည်။ အိမ်တွင်းပြဿနာဖြစ်ရသည့်အဓိကအကြောင်းအရင်းများမှာ- Casino နှင့် ဖဲကစားခြင်း၊ အိမ်တွင်း အကြမ်းဖက်မှုရှိခြင်း၊ ခင်ပွန်း သို့မဟုတ် ဇနီးအပေါ် အိမ်ထောင်ရေးဖေါက်ပြန်ခြင်း၊ ဘာသာရေး ယုံကြည်မှု မတူညီသဖြင့်ခွဲခြားခြင်း နှင့် အလုပ်များကိုသာ ဦးစားပေး၍ မိသားစု အတွက် အချိန်မပေးနိုင် ခြင်းတို့ကိုလည်းတွေ့ရှိရသည်။

8. တစ်စုစည်းတည်းမနေပဲ မတူညီကွဲပြားပြီးသူ့အသိုင်းအဝန်းနှင့်သူ နေထိုင်ကြသူများ တစ်ချို့သည် နာရေးကိစ္စကျရောက်သည့်အချိန်တွင်
အကူညီရယူရန်အလွန်ပေခက်ခဲသည်ကိုလည်းတွေ့ရှိရသည်။

9. ပြည်နယ်ကိုယ်စားလှယ်များမှ နာရေးကိစ္စ အခြားလူမှုရေးကိစ္စများအတွက် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပြီး နာရေးအတွက် နာရေးတစ်ဦးဖြစ်ပေါ်တိုင်း တစ်အိမ်ထောင်လျှင် (၁၀၀) ဒေါ်လာဖြစ် ကောက်ခံ ကြသည်ကိုလည်းတွေ့ရှိရသည်။

10. တပါးအမျိုးသား သို့မဟုတ် အခြားတိုင်းရင်းသားများတို့မှ ကရင်နီအမျိုးသားများအား စည်းရုံးခြင်း၊ သဘောထားကွဲပြားမှုဖြစ်အောင် တွန်းသွင်းခြင်း၊ ဘာသာရေး၊ အယူအဆနှင့် ခံယူဆက်ချက်များ လွဲမှားအောင် လုပ်ဆောင်နေခြင်းကိုလည်းတွေ့ရှိရပါသည်။

11. အမေရိကန်ရောက် ကရင်နီအမျိုးသား သို့မဟုတ် ပြည်နယ်သားများတို့သည် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ တစ်ခုတည်းကိုပဲ အားလုံးအားပေးထောက်ခံခြင်း အကူညီပေးခြင်းရှိသည်ဟု

ယူဆ၍မရပါ။ ကယန်းပြည်သစ်၊ ကလလတ၊ ကြယ်ဖြူ နှင့် ကယောနီအဖွဲ့ကိုလည်း အားပေးထောက်ခံနေသော သူအများပြားရှိကြောင်းကိုလည်းတွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ကရင်နီသမိုင်းကြောင်း၊ ကရင်နီပြည်ငြိမ်းချမ်းရေး၊ ဒုက္ခသည်အရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ကရင်နီအမျိုးသားတိုးတက် ရေးပါတီ၏ နိုင်ငံရေးဖြစ်စဉ်အကြောင်းတင်ပြဆွေးနွေးရာတွင် စိတ်ဝင်စားမှုအားနည်းသည်ကိုလည်း တွေ့ရှိရသည်။

12. ကရင်နီရဲဘော်ဟောင်းတစ်ချို့သည် မိမိတာဝန်ထမ်းဆောင်ခဲ့ဖူးသည့်ဌာနနှင့် အဖွဲ့အစည်းတွင် တတ်နိုင်သည့်ဖက်မှ ပြန်ကူညီရန်နှင့် အမျိုးသားရေးစိတ်ဓါတ်ပြင်းပြသော်လည်း ၎င်းတို့အား ခိုင်လုံသော အချက်အလက်မရှိပဲ ထုတ်ပယ်ခံရခြင်းအပေါ် စိတ်မကောင်းကြောင်းကိုလည်း သိရှိရသည်။

13. ကရင်နီအမျိုးသားခေါင်းဆောင်များမှ ၎င်းတို့နှင့်သွားရောက်တွေ့ဆုံခြင်း၊ အားပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ရယူခြင်းအား ပုံမှန်လုပ်ဆောင်ရန် အများစုသဘောထားရှိကြသည်။ တစ်မြို့လျှင် အနည်း ဆုံး တစ်ပတ်လောက် နေထိုင်ရန် သဘောထားရှိကြသည်ကိုလည်းတွေ့ရှိရသည်။

14. ပြည်နယ်ကိုယ်စားလှယ်များမှ ကရင်နီ-အမေရိကန်အဖွဲ့အစည်းအပေါ် တိတိကျကျ နားလည်ခြင်း မရှိသလို ၎င်းတို့အဖွဲ့မှ ပြည်နယ်ကိုယ်စားလှယ်များ၊ ကရင်နီမိသားစုများနှင့် သွားရောက်တွေ့ဆုံချပြခြင်း အားနည်းသည်ဖြစ်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဌာနချုပ်နှင့် တိုက်ရိုက်သော် လည်းကောင်း၊ တဆင့်ခံစုပေါင်းဆက်သွယ်နိုင်သော နည်းလမ်းတစ်ခုရှိရန်လိုအပ်ကြောင်းကိုလည်း တွေ့ရှိရသည်။

**အကြံပြုချက်များ**

1. အနာဂတ်၌ အမေရိကန်သို့သွားမည့်ခေါင်းဆောင်များ အချိန်ကိုအနည်းဆုံး (၃) လလောက် ယူလျှင် ကရင်နီအမျိုးသားများရှိသော မြို့နှင့် ပြည်နယ်များသို့ အားလုံးရောက်နိုင်မည်ဖြစ်သည်။

2. အမေရိကန်သို့သွားမည့် ခေါင်းဆောင်များ၏ အချိန်ဇယားအား ပြည်နယ်အလိုက် အနည်းဆုံး (၃)လ ကြိုတင်အသိပေးလျှင်ပို၍ အဆင်ပြေမည်။

3. ခေါင်းဆောင်များအစီစဉ်ရေးဆွဲရာတွင် အမေရိကန်၏ ထိုင်းမှ (နယူးရော့)ကို ပထမဆင်း (အရှေ့ဖက်မှ အနောက်ဖက်သို့) ပြန်ရန် သို့မဟုတ် (ကလဖိုးနီးယား) ပထမဆင်း (အနောက်ဖက်မှ အရှေ့ဖက်သို့ ) ခရီးစဉ်ဆွဲလျှင် ပို၍ သင့်တော်ပါသည်။

4. ခေါင်းဆောင်များမှ (၃)ဦးဖြင့် ခရီးသွားလျှင်ပို၍ အဆင်ပြေမည်ဖြစ်သည်- အရှေ့ခြမ်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းခြမ်းကိုယ်စီသွားလျှင် အချိန်တိုအတွင်း ပြီးနိုင်မည်ဖြစ်သည်။

5. ကရင်နီအမှတ်(၂) ဒုက္ခသည်စခန်းမှ အမေရိကန်သို့သွားရောက်နေထိုင်သော မိသားစုများသည်လည်း ကရင်နီအမျိုးသားဖြစ်ကြောင်း သိရှိလက်ခံသော လုပ်ရှားမှုတစ်ရပ်ပြုလုပ်သင့်သည်။ တစ်ချို့မြို့မှ နေထိုင်သော သူသည် ၎င်းတို့အားလစ်လျူရှုသည်ဟု ခံစားကြသည်။

6. အမေရိကန်ရှိ ကရင်နီအမျိုးသားများ၊ လူငယ်များနှင့်တွေ့ဆုံရာတွင် အမြင်ပွင့်သဘောထားကြီး၊ နားထောင်မှုအားကောင်း၊diplomacyဖြစ်သောအသုံးအနှုန်းများကိုလည်းအသုံးပြုရန်လို အပ်သည်။
7. အမေရိကန်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီကိုယ်စားလှယ် သို့မဟုတ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးထားရှိသင့်ကြောင်းအကြံပြုလိုပါသည်။

## အမေရိကန်ရှိ ကရင်နီအမျိုးသားများထံ ကျေးဇူးတင်လွှာ

Date: 8 August 2019

To

Karenni families and individuals,
The United States of America

Re: Express my gratitude to all Karenni families and individuals

With the subject citied above, I would like to express my sincere gratitude to my family members that financial support for my international travel, as well as Khu Ti Reh Jimmy, Khu Wai Lin, Khu Hsaw Tee, and other Karenni-American Association members that had developed the schedule and made the connect with Karenni community leaders in several states that able to organize the community gathering and individuals meetings.

Moreover, it was a very great opportunity and experiences for me to meet with all the Karenni families and individuals in St.Paul and Austin-Minnesota State, Sioux Falls-Sourth Dakota State, Waterloo and Des Moines-Iowa State, Omaha-Nebraska State, Seattle-Washington State, Porland-Oregon State, Phoenix and Tuscon-Arizona State, Salt Lake-Utah State, Greeley-Colorado State, Charlotte and Western Salem-North Carolina State, Atlanta-Georgia State, and Milwaukee-Wisconsin State. And, special thanks to KnA for offering and giving me an opportunity to participate and join the ethnic nationalities meeting that held in Washington D.C-District of Columbia for founding the Nationalities Alliance-Burma.

In addition, I really appreciate the time, knowledge, suggestions, and comments that you had shared with me individually and/or as a group discussion in the families gathering meetings formally and informally. The information and feed-back that you had provided during the discussion it was a very fruitful and meaningful for me and organizations as a whole and it will help us in the future development for planning and community engagement activities that aim for the betterment of Karenni people. Then, I would like to give my special thanks for the hosting, transporting, and helping my trip to become smoothly. Currently, I am writing a report about my trips and all the information that you had shared with me will be in the report and it will be shared with the concern organizations such as KNPP and others for further development.

Furthermore, I would like to apology for not being able to reach out to every states this time due to short period of time while America is too big to travel alone, however, in the future, we will make sure that KNPP leaders to be able to reach out to every towns and states during their visit. And, hope to see you all again.

In short, you all had made my trip unforgettable because I had gain lots knowledge from this trip and have ideas for future develop and betterment to serve our Karenni people. With regards to the information that you're required, please do not hesitate to contact me or contact as below:

1. Luiz, kaypoe@gmail.com
2. Plu Reh (secretary-1) KNPP- plureh.plureh@gmail.com or knpphq2013@gmail.com
3. Karenni Refugee Committee – knrc_06@yahoo.com
4. Education- (Post-High) Maw Mi Mar – maw.mimar@gmail.com and (Basic) Sara Bue Reh- soduya@gmail.com

Yours sincerely,
Luiz

## နောက်ဆက်တွဲလုပ်ရှားမှုပုံရိပ်များ


Nationalities Alliance @ D.C


Karenni @ St.Paul, MN


Chairperson Speech at KnND, IA

KnA Election




Meeting @ Sioux Falls,SD


With Fr. Alex @ Omaha,NE

Meeting @ Des Moines,IA




Meeting @ Des Moines,IA


Meeting @ Seattle,WA


Meeting @ Porland,OR


Meeting @ Salt Lakes,UT


Meeting @ Greeley,CO







Meeting @ Greeley, CO

Meeting @ Charlotte, NC

Meeting @ Atlanta, GA



Meeting @ Western Salem, NC



Meeting @ St.Paul, MN



Meeting @ St.Paul, MN

Chairperson's pre-meeting, IA





Karenni National Day @ IA



@ Des Moines, IA



@ Phoenix, AZ



@ Tucson, AZ



@ Phoenix, AZ